ပင်စုပ်ကျေးရွာ
ဘော်အုပ်စု
ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

(င) **ပညာရေး**

(စ) **ကျန်းမာရေး**

(ဆ) **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(မှတ်ချက်။ အောက်ဖော်ပြပါ ရေးသားမှုမှာ ပြည့်စုံသည်ဟု မမှတ်ယူရန် မေတ္တာရပ်ခံပါသည်။ နမူနာမျှသာ ရေးပြထားခြင်းဖြစ်ပါသည်။ လူမှုစီးပွားအခြေပြဇယားများ (၂၅ ဇယား သို့မဟုတ် ၄၈ ဇယား) ကို သုံးသပ်၍ ရေးမှုပိုမိုပြည့်စုံစွာ သုံးသပ်ရေးသားနိုင်ပါမည်။ ဖွံ့ဖြိုးရေးဗျူဟာဇယားကို သုံးသပ်၍ ရေးရန်လည်း လိုအပ်ပါသေးသည်။)

၁။ တည်နေရာနှင့် ပထဝီအနေအထား

ပင်စုပ် ကျေးရွာသည် မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ဘော် ကျေးရွာ အုပ်စု၊ ပြင်ဦးလွင် မြို့နယ်၏ အရှေ့ဘက်၊ (၁၂)မိုင် အကွာတွင် တည်ရှိပါသည်။ အနောက်ဘက်တွင် ဘော်ကျေးရွာနှင့် ကျွန်းတပင်၊ မြောက်ဘက်တွင် သရက်ချောင်ကျေးရွာတို့တည်ရှိသည် ။တောင်ပေါ်ဒေသတွင်တည်ရှိပြီး သမပိုင်းနုံတွင်ပါဝင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ(၆၀)ခန့်ရရှိသည်။ကျေးရွာအနီးတွင် ရှိသဘာဝပေါက်ပင်များ မှာ ကျွန်းသစ်၊သစ်ယာ၊ပျဉ်းကတိုးနှင့်အခြားအပင်အနည်းငယ်သာပေါက်ရောက်သည်။ စိုက်ပျိုးနိုင်သော ယာ မြေ (၂၀၀)ကျော်ဧက ခန့် သာ ရှိသည်။ ကျေးရွာ တွင်စိုက်ပျိုးရေးအတွက်မိုးရေကိုသာအားကိုးစိုက်ပျိုးကြရသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်း ဆောင်ရွက်ကြပါသည်။ ကျေးရွာမှစုပေါင်း၍ လူမှုကူညီရေးအသင်းနှင့် ရပ်မိ/ရပ်ဖ သာရေး/နာရေး လူမှုကူညီရေးအဖွဲ့သာ ရှိပြီး တစ်ရွာလုံး၏ သာရေး/နာရေး ကိစ္စရပ်များကိုဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လျင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက် သောအလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် ခြံုငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင်စိုက်ပျိုးနိုင်သော ပြောင်း၊ စပါးတို့ကိုအဓိကစိုက်ပျိုး နိုင်ကြ သည်။ စပါး စိုက်ပျိုးမြေ ဧက (၁၀၀)ကျော်ခန့်ရှိပြီး အထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၅)တင်းခန့်သာဖြစ်သည်။

စိုက်ပျိုးရေးအလွယ်တကူမရရှိ၍ မိုးရေကိုသာအားကိုးစိုက်ပျိုးရသောကြောင့် သီးထပ်၊ ရာသီ အလိုက်စိုက်ပျိုးနိုင်ခြင်းမရှိပါ။

အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ ခိုင်းကျွဲ ၂၀၀ ကောင်ခန့် သာစိုက်ပျိုးရေးအတွက်မွေးမြူကြပြီးအိမ်ထောင်စုများသည်တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်မှုနည်းသ ည်ကိုတွေ့ရပါသည်။(အိမ်ထောင်စု ဇယား အချက် အလက်များ ရရှိလျှင် ကိန်းဂဏန်းအချက်အလက်နှင့် တကွ ပိုမို ပြည့်စုံအောင် ရေးနိုင် ပါမည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ရေတွင်း နှင့် အဝီစိရေတွင်းများ အိမ်တိုင်းနီးပါးတူးဖော်၍ သုံးစွဲကြသည်ကိုတွေ့ရပြီး သောက်သုံးရေ အခက်ခဲမရှိ သော်လည်း ထုံးဓါတ်ပါဝင်မှုများ သည်ကိုတွေ့ရသည်။

ကျေးရွာတွင် မူလတန်းလွန် ကျောင်းရှိပြီး အလယ်တန်းကျောင်း ကို (၃)မိုင် ခန့်ဝေးသော ကျားတွင်းရေကျေးရွာ နှင့်အထက်တန်းကျောင်းကိုမူ(၈)မိုင်ခန့်ဝေးသောရွှေသင်းကျေးရွာ တွင် သွား၍တက်ရောက်ကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှု အတွက် ကျေးရွာရှိ ကျေးလက် ဆေးပေးခန်း မှ ရရှိပါသည်။

ကျေးရွာတွင်လျှပ်စစ်မီး မရရှိသေး၍မီးလင်းရန်အတွက်ဆိုလာကိုသာ အိမ်တိုင်းနီးပါး အသုံးပြု ကြရသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် မြစိမ်းရောင်စီမံကိန်းချေးငွေ နှင့်စိုက်ဘဏ်တို့မှရရှိပြီးအတိုး (၁%) **ကျပ် မှ(၂)ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေးပါသည်။ အခြားအသေးစား ချေးငွေဝန်ဆောင်မှုအနေဖြင့်ပက်မြန်မာမှလည်း** ချေးငွေအနည်းငယ် **ရရှိနိုင်ပါသည် (အဖွဲ့အမည်နှင့် ဘယ်လောက်ပမာဏ အထိရနိုင်သည်ကို ရေးနိုင်လျှင် ပိုကောင်းမည်။)။ တောင်သူ လယ်သမားများ သာမကဘဲ အခြားအသေးစား စီးပွားရေးလုပ်ငန်း များထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်း အဝယ်) ချေးငွေဝန်ဆောင်မှု များ လိုအပ်ပါသည်။**

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရ သူများ လည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်း သာရှိပြီး အလယ်တန်း နှင့် အထက်တန်းကို ကျားတွင်းရေနှင့်ရွှေသင်းကျေးရွာများသို့ သွား၍တက်ရောက်ကြရသည်။ အသက် မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီ သောကြောင့် လူငယ်များမှာ အသက်မွေး ဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင် အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများ ဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စု ဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေး စောင့်ရှောက်မှု ကို ကျေးရွာတွင်းရှိ ကျေးလက် ကျန်းမာရေး ဆေးပေးခန်းမှရရှိကြသည်။ ကလေးသူငယ်များ

အတွက်ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေး ဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင် စိုက်ပျိုးရေမရရှိခြင်းကြောင့်ရာသီအလိုက်သီးနှံများမစိုက်ပျိုးနိုင်ခြင်းနှင့်ကျေးရွာအနီးသစ်တော များအား ခုတ်လှဲခြင်း များကြောင့်သစ်တောများ မရှိ တော့ ဘဲပြုန်းတီးကာရာသီဥတု ကိုများစွာထိခိုက်စေသည်ကိုတွေ့ရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများကဦးဆောင် လေ့ရှိ သည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေး ထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ် ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများ သည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော် များတွင် အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသားများသည် အမျိုးသမီးများ ထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံ ခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီး များ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	အခြေခံအဆောက်အဦ	ရွာချင်းဆက်လမ်း၊ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ခြင်း	၁
၂	လူငယ်နှင့်အားကစား	အားကစားကွင်း/အားကစားပစ္စည်းပံ့ပိုးခြင်း	၂
		အကသင်တန်းနှင့်ရိုးရာတီးဝိုင်းများထူထောင်ခြင်း	၂
၃	ကျန်းမာရေး	အသိပညာပေးဟောပြောပွဲများ	၃
		အရံသားဖွားသင်တန်း	၃
၄	ပညာရေး	ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၅
၅	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်သင်တန်းများ	၄
၆	စိုက်ပျိုးရေး	သဘာဝမြေဆွေး/မြေဩဇာပြုလုပ်နည်းသင်တန်း	၆
		မျိုးကောင်းမျိုးသန့်ရှိရေး	၆